## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 30 , 2023 Volume 72, Number 21

၃၀.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၄၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၅.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၄.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၆၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

### မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝဥများကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေရ




မြန်မာနိုင်ငံမှထွက်ရှိသည့် ဝဥများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာတွင် အိမ်နီးချင်းတရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေရကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

ပြည်ပသို့ ဝဥတင်ပို့မှုတွင် တရုတ်နိုင်ငံသို့ ၉၀ ရာခိုင်နှုန်းခန့် တင်ပို့နေရခြင်းဖြစ်ပြီး ဝဥများ တင်ပို့ရောင်းချရာတွင် ဝဥအခြောက်နှင့် ဝဥအခြောက်ပြားပြုလုပ်၍ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

တရုတ်သို့ ဝဥများ တင်ပို့မှုတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းကပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝဥကို တရုတ်နိုင်ငံအပြင် ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့နေရကြောင်း သိရပါတယ်။

မြန်မာနိုင်ငံထဲမှာ ဝဥကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အဓိကစိုက်ပျိုးထွက်ရှိကြောင်း သိရပါတယ်။

ပြည်ပနိုင်ငံများတွင် ဝဋ္ဌများကို ခေတ်မီနည်းစနစ်များဖြင့် အချိုရည်၊ စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့် ခေတ်မီဆေးဝါးများကို ထုတ်လုပ်ကြကြောင်း သိရပါတယ်။

Source: https://t.me/htwettoe

## ရန်ကုန်ရွှေအသင်း ရွှေရည်ညွှန်းဈေး တစ်ကျပ်သားလျှင် ကျပ် ၃၂ သိန်းကျော်

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ရွှေရည်ညွှန်းဈေး တစ်ကျပ်သားလျှင် ကျပ် ၃၂ သိန်းကျော်အထိ မြင့်တက်လာကြောင်း သိရသည်။

ရည်ညွှန်းရွှေဈေးမှာ နိုဝင်ဘာ ၂၉ ရက်နေ့ နံနက်ပိုင်း ဈေးကွက်ဖွင့်ချိန်၌ တစ်ကျပ်သားလျှင် ကျပ် ၃၂,၁၀,၄၀၀ အထိ ဈေးမြင့်တက်နေကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးမှာ တစ်ထရိုင်အောင်စလျှင် နိုဝင်ဘာ ၂၇ ရက်ဈေးကွက်ပိတ်ချိန်တွင် ၂၀၄၄ ဒေါ်လာအထိ မြင့်တက်လာပြီး ပြည်တွင်းရွှေဈေး စံချိန်တင်မြင့်တက်လာနေကြောင်း သိရသည်။

၁၆ ပဲရည်(အကယ်ဒမီ)အခေါက်ရွှေဈေးမှာမူ နိုဝင်ဘာ ၂၉ ရက် ပြင်ပဈေးကွက်တွင် တစ်ကျပ်သား ကျပ် ၃၆ သိန်းကျော်အထိ ဈေးမြင့်တက်နေပြီး ဈေးကွက်အတွင်း ကြိုက်ရောင်းကြိုက်ဝယ်အနေအထားဖြင့် အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်း သိရသည်။

**Source: https://t.me/sdtimedaily**


## တိုက်ကြီးမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးမှု အခြေအနေ



ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်သည် သီးနှံအမျိုးအစားမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးသော မြို့နယ်တစ်မြို့နယ်ဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုကာလဆောင်းရာသီတွင် မတ်ပဲသီးနှံကို စတင်စိုက်ပျိုးနေကြောင်း၊ မတ်ပဲသီးနှံ စိုက်ပျိုးထားရှိမှုအနေဖြင့် (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်တွင် မတ်ပဲသီးနှံစိုက်ပျိုးရန် (၃၂၉၇၄) ဧကလျာထားရာ (၃၃၉၉၅) ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်းပေါင်း (၅,၇၂,၄၇၆) တင်း၊ ရာခိုင်နှုန်းအားဖြင့် (၁၆ ဒသမ ၈၄) ရာခိုင်နှုန်း ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မတ်ပဲသီးနှံ တစ်နှစ်ပတ်လုံးစိုက်ဧက (၃၂၉၇၄) ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာ လဆန်းမှစတင်၍ စိုက်ပျိုးခဲ့ရာ အောက်တိုဘာလကုန်အထိ (၁၀၄၈) ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် တိုက်ကြီးမြို့နယ်သည် ဆောင်းမတ်ပဲကိုသာ အဓိကထား၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**Source: DOCA (ရန်ကုန်)**

## ရွှေဘိုခရိုင်အတွင်း မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်သည် စပါးသီးနှံကို အဓိကစိုက်ပျိုးသော ခရိုင်တစ်ခုဖြစ်ရာ နှစ်စဉ် မိုးစပါးစိုက်ဧက (၃) သိန်းကျော်နှင့် ဆည်ရေရရှိသည့်အပေါ်မူတည်၍ နွေစပါးများကို စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ဧကများနှင့် စိုက်ပျိုးသောစပါးမျိုးများမှာ ရွှေဘိုပေါ်ဆန်းစပါး (၂,၁၈,၃၄၄) ဧက၊ ရောမင်းစပါး (၆၅၇၅၀) ဧက၊ မနော်ဟရီစပါး (၂၃၆၅၄) ဧက၊ IR-747 စပါး (၁၇၅၃၂) ဧက၊ ရွှေသွယ်ရင်စပါး (၂၁၆၁၇) ဧကနှင့် ဆင်းသုခစပါး (၁၃၂) ဧက၊ စုစုပေါင်း

စိုက်ဧက (၃,၄၇,ဂ၂၉) ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စီမံကိန်းစာရင်းအင်းဌာန၏ စာရင်းများအရ သိရသည်။

ရွှေဘိုခရိုင်တွင် မိုးစပါးများကို စိုက်ပျိုးထားရှိပြီး စိုက်ပျိုးမှုအနေဖြင့် ပျိုးထောင်၍ စိုက်ပျိုးခြင်းနှင့် ကြဲပက်၍ စိုက်ပျိုးခြင်း ဟူ၍ နည်းလမ်းနှစ်မျိုးဖြင့်စိုက်ပျိုးကြရာ ပျိုးထောင်စိုက်ပျိုးခြင်း (၂,၁၉,၅၀၄) ဧကနှင့် ကြဲပက်၍စိုက်ပျိုးခြင်း (၁,၂၇,၅၂၅) ဧက စိုက်ပျိုးထားရှိကြောင်း၊ ပျိုးထောင်၍ စိုက်ပျိုးရာတွင် ဇွန်လ၌စတင်ပျိုးထောင်၍ ဇူလိုင်လဆန်းတွင် စတင်စိုက်ပျိုးကြကြောင်း၊ ယခုအချိန်တွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စပါးစိုက်တောင်သူဦးကြီးများအနေဖြင့် စပါးအထွက်နှုန်းများ ယခင်နှစ်ထက် ပိုမိုထွက်ရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**Source: DOCA (စစ်ကိုင်း)**

## စင်ကာပူနိုင်ငံနှင့်တရုတ်နိုင်ငံအကြား ပိုမိုအားကောင်းလာသည့် ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှု

စင်ကာပူနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (The Maritime and Port Authority of Singapore) သည် ဒီဂျစ်တယ်ကဏ္ဍ၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေးစသည်တို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံ၏ ဒေသတွင်း ပင်လယ်ရေကြောင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (The Maritime and Port Authority of Singapore) က သတင်းထုတ်ပြန်ခဲ့ပါသည်။

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့သည် Shanghai Municipal Transportation Commission၊ Tianjin Port and Shipping Authority (TPSA) နှင့် China Classification Society (CCS) တို့နှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် Shanghai Municipal Transportation Commission နှင့် လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာသည် ပင်လယ်ရေကြောင်းမူဝါဒများနှင့်စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းနှင့် သုတေသနတို့တွင် သတင်းအချက်အလက်များဖလှယ်ခြင်းမှတစ်ဆင့် အပြန်အလှန်လေ့လာသင်ယူနိုင်ရန် ဆိပ်ကမ်းနှင့်သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒီဂျစ်တယ်ကဏ္ဍ၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနည်းလမ်းများ တိုးတက်စေရန် ရည်ရွယ်ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် China Classification Society (CCS)နှင့် ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာအရ ပင်လယ်ကူးသင်္ဘောများအတွက် ကာဗွန်ထုတ်လွှတ်မှုမရှိသည့် သို့မဟုတ် ကာဗွန် ထုတ်လွှတ်မှုမရှိသလောက် နည်းပါးသည့် လောင်စာဆီနှင့် Marine Battery Technology တို့ကို အသုံးပြုခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုရှာဖွေခြင်း၊ ပင်လယ်ရေကြောင်းလုပ်ငန်းစတင်ဆောင်ရွက်သူများ၊ စက်မှုလုပ်ငန်းများ၊ သုတေသနပညာရှင်များနှင့် Smart Ships Technology ကို ပူးပေါင်းဆန်းသစ်တီထွင်ခြင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ ပညာသင်အစီအစဉ်များ၊ အလုပ်သင်အစီအစဉ်များမှတစ်ဆင့် ပင်လယ်ရေကြောင်းဆိုင်ရာစွမ်းရည်များနှင့် သင်တန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် Tianjin Port Shipping Authority (TPSA) နှင့် လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ ပင်လယ်ရေကြောင်း ဒီဂျစ်တယ်စနစ်နှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး၊ ပင်လယ်ရေကြောင်းဆိုင်ရာသင်တန်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် လုပ်ထုံးလုပ်နည်းမူဘောင်များ ဖွံ့ဖြိုးတိုးတက်မှုစသည့် နယ်ပယ်များအလိုက်အတွေ့အကြုံများနှင့်ဖွံ့ဖြိုးတိုးတက်မှုများ၊ ပင်လယ်ရေကြောင်းဆိုင်ရာ စွမ်းဆောင်ရည်များဖလှယ်ခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေသွားမည်ဖြစ်ပါသည်။

**Source: The Maritime and Port Authority of Singapore**

**သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

## ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်တိုးမြှင့်စေရေးအတွက် နှစ်နိုင်ငံဝန်ကြီးချုပ်တို့က သဘောတူခဲ့

နယ်စပ်ကုန်သွယ်ရေးနှင့် ခရီးသွားအပါအဝင် အလားအလာရှိသော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် ထိုင်းနိုင်ငံဝန်ကြီးချုပ် Srettha Thavisin နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် Mr. Anwar Ibrahim တို့က သဘောတူညီခဲ့ကြောင်း သိရှိရပါသည်။

ဆုန်ခလာရှိ Sadao အကောက်ခွန်စစ်ဆေးရေးဂိတ်အသစ်သို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် သွားရောက်ခဲ့သည့်ခရီးစဉ်တွင် နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံခဲ့ကြောင်း၊ အောက်တိုဘာလ ၁၁ ရက်နေ့က မလေးရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ထိုင်းနိုင်ငံဝန်ကြီးချုပ်ခရီးစဉ်၏ နောက်ဆက်တွဲဖြစ်ကြောင်း၊ နယ်စပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လိုကြကြောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် အဆိုပြုလွှာများကို အဆိုပြုတင်ပြခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်က လက်ရှိပြဿနာများကိုဆွေးနွေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဆင့် ပူးတွဲကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို မလေးရှားနိုင်ငံ၌ကျင်းပရန် တောင်းဆိုခဲ့ကြောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နယ်စပ်ဖြတ်ကျော် ကုန်စည်စီးဆင်းမှုနှင့်စပ်လျဉ်း၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်ရန် မလေးရှားကိုတိုက်တွန်းခဲ့ပါကြောင်း၊ နှစ်နိုင်ငံကုန်သည်ကြီးများအသင်းအချင်းချင်း ပူးတွဲလုပ်ငန်းစဉ်များဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုပမာဏ၊ ခရီးသွားနှင့်နယ်စပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးခဲ့ကြောင်း သိရှိရပါသည်။

ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် Sadao စစ်ဆေးရေးဂိတ်တွင် မလေးရှားခရီးသွားများအား လူဝင်မှုကြီးကြပ်ရေးက ဖောင် TM 6 တောင်းခံခြင်းကို နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ယာယီကင်းလွတ်ခွင့်ပေးထားပါကြောင်း၊ စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးအောက်တွင် ထိုင်းနိုင်ငံ၏ ဟာလာအစားအစာကိုမြှင့်တင်နိုင်ရေးအတွက် ဦးစီးဌာနတစ်ခုဖွဲ့စည်းရန် စီစဉ်ထားပါကြောင်း၊ နယ်စပ်ကိုဖြတ်ကျော်၍ တောရိုင်းတိရစ္ဆာန်များမှောင်ခိုတင်သွင်းမှုကိုတိုက်ဖျက်မည့် စာချုပ်မူကြမ်းအပေါ် လာမည့်နှစ်ဖေဖော်ဝါရီလတွင် ပြန်လည်သုံးသပ်သွားမည်ဖြစ်ပါသည်။

ကုန်စည်စီးဆင်းမှုနှင့်စပ်လျဉ်း၍ Sadao စစ်ဆေးရေးဂိတ်နှင့် Bukit Kayu Hitam စစ်ဆေးဂိတ်တို့အကြား လမ်းစီမံကိန်း၊ Narathiwat ၏ Sungai Kolok မှ Kelantan၏ Rantau Panjang အထိ တံတားစီမံကိန်းများအပေါ် နှစ်ဖက်သဘောတူညီပြီးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ၃၀ သန်း (ဘတ် ၁ ဘီလီယံ) တိုးမြှင့်နိုင်ရေးသဘောတူညီထားကြောင်းကို ဝန်ကြီးချုပ်က X (ယခင် Twitter) တွင် ဖော်ပြရေးသားခဲ့ကြောင်း၊ အလုံးစုံဝန်ဆောင်မှု (One Stop Service CIQ) ကို Sadao တွင် အသုံးပြုခြင်းသည် အစဖြစ်ပြီး လမ်းနှင့်တံတားစီမံကိန်းများပြီးစီးပါက ကုန်သွယ်မှုနှင့်ခရီးသွားမြင့်တက်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောကြားခဲ့ပါသည်။

၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စစ်ဆေးရေးဂိတ်မှ ဘတ် ၇ ဒသမ ၆၉ ဘတ် ဝင်ငွေရရှိခဲ့ပြီး ကုန်သွယ်မှုပမာဏ ဘတ် ၄၂၈ ဒသမ ၉ ဘီလီယံရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ယခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ လူများဖြတ်သန်းသွားလာမှုမှာ ကုန်တင်ကား ၆,၅၆,၄၀၁ စီးဖြင့် ၅၃,၅၈,၂၇၀ ဦးရှိခဲ့ကြောင်း သိရှိရပါသည်။

**Source: www.bangkokpost. gov**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့**

## ဖိလစ်ပိုင်နိုင်ငံမှ ဒီဇင်ဘာလအတွင်း ကြက်သွန်နီ တန်ချိန် ၂၁,၀၀၀ တင်သွင်းရန်ရှိ

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်ဒီဇင်ဘာလအတွင်း ကြက်သွန်နီတန်ချိန် ၂၁,၀၀၀ တင်သွင်းရန်ရှိကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာန၊ Bureau of Plant and Industry မှ ၂၇-၁၁-၂၀၂၃ ရက်နေ့က ပြောကြားခဲ့ပါသည်။ လာမည့် ခရစ္စမတ်ရာသီအတွင်း ကြက်သွန်နီပြတ်လပ်ပြီး ဈေးနှုန်းမတက်စေရန်နှင့် လိုအပ်သည့်ပမာဏအား ဖြည့်တင်းနိုင်ရေး တင်သွင်းသွားမည်ဖြစ်ကြောင်း၊ တစ်ကီလိုလျှင် ပီဆို-၁၀ မှ ပီဆို-၂၀ ထိ ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့သော်လည်း ကြက်သွန်နီ လက်ကျန်ကုန်လုနီးပါးထိ

ဈေးကွက်တွင်း ဖြန့်ချိထားပါကြောင်း၊ လာမည့်လအတွက် အလုံအလောက် အချိန်မီတင်သွင်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ပြည်တွင်းကြက်သွန်နီမှာ တစ်ကီလိုလျှင် ပီဆို-၁၄၀ မှ ပီဆို-၁၈၀ ထိဈေးရှိပါကြောင်း၊ လာမည့်သီတင်းပတ်အတွင်း ဈေးနှုန်းကျဆင်းလာနိုင်ပါကြောင်း၊ ကြက်သွန်နီတင်သွင်းထားမှုများ ပြည်တွင်းဈေးကွက်သို့ အလုံးအရင်းဝင်ရောက်ခဲ့သည့် ကိစ္စအပေါ် ရှင်းလင်းတင်ပြရန် လွန်ခဲ့သောလက ဖိလစ်ပိုင်လွှတ်တော်မှ စိုက်ပျိုးရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့ပါကြောင်း ဖော်ပြပါရှိပါသည်။

ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနသည် လွှတ်တော်စိုက်ပျိုးရေးနှင့် အစားအစာဌာနမှ မေးမြန်းထားသည့်အပေါ် Bureau of Plant and Industry ၏ ဖြေကြားမှုအား ဌာနတွင်း စုံစမ်းစစ်ဆေးလျက်ရှိပါကြောင်း၊ Bureau of Plant and Industry မှ တင်သွင်းလာသည့် ဟင်းသီးဟင်းရွက်များအား အအေးခန်းစနစ်ဖြင့် ထိန်းသိမ်းထားရှိမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအပေါ် ပြန်လည်သုံးသပ်လျက်ရှိပါကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

တစ်လတာခံ လတ်ဆတ်သည့်ဟင်းသီးဟင်းရွက်များအတွက် ဌာနတွင်းလုပ်ငန်းစဉ်ဆောင်ရွက်မှုသည် ရက်ပေါင်း (၆၀) ခန့် ကြာမြင့်လေ့ရှိသဖြင့် တင်သွင်းရောက်ရှိလာမည့် ဟင်းသီးဟင်းရွက်များအတွက် ပိုမိုထိရောက်သောလုပ်ငန်းစဉ် အချိန်မီဆောင်ရွက်ပေးနိုင်မှု၊ အအေးခန်းထိန်းသိမ်းထားရှိမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများချမှတ်ပေးသွားရန် လိုအပ်ပါကြောင်း ဖော်ပြပါရှိပါသည်။

လက်ရှိ ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီ တင်သွင်းခွင့်ရရှိထားသောနိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ သြစတြေးလျ၊ ကိုရီးယား၊ နယ်သာလန်နှင့်နယူးဇီလန်နိုင်ငံတို့ဖြစ်ပါကြောင်း၊ ကြက်သွန်နီတင်သွင်းခွင့် လိုင်စင်ရရှိထားသော ကုမ္ပဏီပေါင်း (၁၆၈) ခု ရှိပါကြောင်း၊ လက်ရှိမူဝါဒအရ ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီတင်ပို့ရောင်းချလိုပါက တင်ပို့လိုသည့်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား G to G သာ ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကြက်သွန်နီ ဖိလစ်ပိုင်နိုင်ငံသို့ G to G တင်ပို့နိုင်ရေးအတွက် ပထမဦးစွာ ကြက်သွန်နီအရည်အသွေးစစ်ဆေးနိုင်ရေး ဦးစွာ Trial Shipment ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ပေးပို့နိုင်ရန် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်စားဖိုဆောင်သုံး သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ Philippines International Trade Corporation (PITC)၊ Bureau of Plant and Industry တို့အကြား ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.cnnphilippines.com/news/2023/11/27/PH-to-import-21-000-MT-of-onions-in-December---DA-html?utm_source=izooto&utm _medium=push_notifications&utm_campaign= PH%20to% 20import% 2021,000%20MT%20of%20onions%20in%20December%20%E2%80%93%20DA

**(စီးပွားရေးသံမှူး၊ မနီလာမြို့)**

## STOCK EXCHANGE (30.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,039 (Shares) | 32,696,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 5 | 43,800 | 33,109,694 | 291,365 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,900 | 134 | 389,900 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 468 | 748,800 | 29,664,613 | 47,463 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 200 | 400,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 22 | 107,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 1,210 | 2,006,550 | 23,804,946 | 39,278 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 29th Nov. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.06 | +0.40 | +0.11% | 363.93 | 365.06 | 362.27 | 2,039 | 3,696,850 | 8 | 688,564 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 29th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 12,039 (Shares) | 32,696,850 (MMK) |

## Main Board

As of 1:00 pm, 29th Nov. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,039 (Shares) | 32,696,850 (MMK) |

| MYANPIX | 365.06 ▲ 0.40 |
|---|---|
| Total Volume (shares) | 2,039 |
| Total Value (MMK) | 4 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,564 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,650 | ▼ 50 |